ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂ ၊ အမှတ် ၈ ၂၀၁၇ ခုနှစ် ၊ မေလ ၁ ရက်

## ဝန်ထမ်းထုလစဉ် ဆွေးနွေး ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ သြဝါဒစကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ် ပုံမှန်ဆွေးနွေး ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ ဧပြီလ (၇) ရက်နေ့ နံနက် (၈:၀၀) အချိန်တွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် မှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းနှင့် အမှုထမ်း စုစုပေါင်း (၂၀၀) ဦးတက်ရောက်ခဲ့ကြပါသည်။

# (၂၆) ကြိမ်မြောက် အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေး ကျင်းပခြင်း




(၂၆) ကြိမ်မြောက် အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးကို ၂၀၁၇ ခုနှစ် ၊ ဧပြီလ (၂၅) ရက်နေ့မှ ၂၇ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ ၊ Siem Riep မြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးယဉ်မင်းအောင် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဒေသအတွင်း၌ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန် အာဆီယံအကောက်ခွန်ပေါင်းစည်းဆောင်ရွက်မှုလုပ်ငန်းဆောင်ရွက်ချက်များ ညှိနှိုင်းတိုးမြှင့်လုပ်ဆောင်ရန် နိုင်ငံတော်အဆင့်၌ဒေသအတွင်းအစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် ၊ အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတွင် ထိရောက်သောဆုံးဖြတ်ချက်များပေါ်ထွက်လာစေရေးအထောက်အကူပြုဆောင်ရွက်ရန် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက်အာဆီယံအဖွဲ့များအကြားပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်နှင့် အာဆီယံမိတ်ဖက်အဖွဲ့အစည်းများ ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်ရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

# WCO-UNESCAP 3rd UNNExT Masterclass-2017–Digital Customs and Single Window in the Context of WTO TFA အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




WCO-UNESCAP 3rd UNNExT Masterclass-2017–Digital Customs and Single Window in the Context of WTO TFA အလုပ်ရုံဆွေးနွေးပွဲကို ကိုးရီးယားနိုင်ငံတွင် (၁၉-၄-၂၀၁၇) မှ (၂၈-၄-၂၀၁၇) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ WCOPA နှင့် UNESCAP တို့က အဓိက ပံ့ပိုးပေးခဲ့ပြီး အာရှ-ပစိဖိတ်နိုင်ငံများတွင် WTO TFA နှင့်အညီ Single Window အတွက် Digital Customs ကို အကောင်အထည်ဖော်ရန်နှင့် အသိပညာများ တိုးပွားစေရန်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အာရှ-ပစိဖိတ်နိုင်ငံပေါင်း (၁၉) နိုင်ငံမှ တက်ရောက်ခဲ့ရာ ဖီဂျီ နိုင်ငံ မှ (၁)ဦး၊ ကမ္ဘောဒီးယားနိုင်ငံ မှ (၂) ဦး ၊ အိန္ဒိယနိုင်ငံမှ (၁) ဦး ၊ အီရန်နိုင်ငံမှ (၁) ဦး ၊ လာအို နိုင်ငံမှ (၂) ဦး ၊ မလေးရှားနိုင်ငံမှ (၁) ဦး ၊ မောလ်ဒိုက်နိုင်ငံမှ (၁) ဦး ၊ မွန်ဂိုးလီးယားနိုင်ငံမှ (၂) ဦး ၊ မြန်မာနိုင်ငံမှ (၂)ဦး ၊ ပါကစ္စတန်နိုင်ငံမှ (၁) ဦး ၊ ပါပူဝါနယူးဂီနီနိုင်ငံမှ (၂) ဦး ၊ သီရိလင်္ကာနိုင်ငံမှ (၂) ဦး ၊ ထိုင်းနိုင်ငံမှ (၂) ဦး ၊ ဗီယက်နမ်နိုင်ငံမှ (၂) ဦး ၊ WCO မှ (၁) ဦး ၊ ROCB/AP မှ (၁) ဦး ၊ UNESCAP မှ (၂) ဦး ၊ စုစုပေါင်း (၂၆) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၆၇.၁၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျှက် ရှိရာ ဧပြီလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်းတားဆီး/ဖမ်းဆီးမှုမှာ (၂၀၂) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၄၆၇.၁၀၅) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် နှင့် လေဆိပ်ကုန်လှောင်ရုံ တားဆီးမှုအနေဖြင့် တားဆီးမှု (၂) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၄.၁၁၈) သန်းခန့် ရှိသည့်အနက် ၁၂-၄-၂၀၁၇ ရက်နေ့တွင် Air India လေကြောင်းလိုင်းဖြင့်လိုက်ပါမည့် အိန္ဒိယနိုင်ငံသားခရီးသည်ထံမှ လက်ဆွဲအိတ်လက်ကိုင်တန်းတွင် မူလီဖြင့် စုပ်ထားပြီးကာဗွန်စက္ကူ နှင့် ပတ်ထားသည့် ရွှေဟုယူဆရသော အရှည် ၈.၅ လက်မစီ ရှိသည့် အချောင်း(၂) ချောင်းအလေးချိန် (၁၀) ကျပ်သားခန့်၊ ခန့်မှန်းတန်ဖိုးကျပ် (၉.၃) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၆၇.၁၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း



ဆိပ်ကမ်းတားဆီးမှုအနေဖြင့် ၂၄-၄-၂၀၁၇ ရက်နေ့တွင် MITT ဆိပ်ကမ်း၌ Diamond Rental Myanmar Co., Ltd မှ တင်သွင်းလာသော Brand New Forklift , Brand Name : AUSA , Mdl No: C250 HX4, Mdl 2016 ,C/O Spain (1) Unit အား စစ်ဆေးခဲ့ရာ VPA (3) ရက်ဖြစ်သဖြင့် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၆.၃၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၆၇.၁၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း








နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၁၉၉)မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၁၄၃၆.၆၃၇) သန်းခန့်ရှိသည့်အနက် ၂၅-၄-၂၀၁၇ ရက်နေ့တွင် ပြင်ဦးလွင်မြို့ မှ မန္တလေးမြို့ သို့ သွားရောက်မည့် Nissan အမျိုးအစား ပြိုင်ကား (၂) စီး ၊ Toyota Hilux Surf အမျိုးအစား ယာဉ်(၁) စီး နှင့် Toyota Crown အမျိုးအစားယာဉ် (၁) စီး တို့အား (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့မှစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ် (၄) စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၉၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၆၇.၁၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁-၄-၂၀၁၇ ရက်နေ့တွင် မူဆယ်မြို့ မှ လားရှိုးမြို့သို့ သွားရောက်မည့် Mitsubishi Pajero အမျိုးအစားယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရန်တားဆီးစဉ် အတင်းမောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးပြီး ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့ရာ မော်တော်ယာဉ်အနောက်ဘက်၌ တပ်ဆင်ထားသော အပိုဘီးအတွင်းတွင် ဆပ်ပြာခွက်(၇၄) ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့်များ (၇၄ခွက်×၁၂ဂရမ်) စုစုပေါင်း(၈၈၈) ဂရမ်ခန့်နှင့် သယ်ဆောင်သည့်ယာဉ် (၁) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၆.၈၇၂) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၆၇.၁၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု






ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀-၄-၂၀၁၇ ရက်နေ့တွင် ကျိုက်ထိုမြို့၊ မိုင်တိုင်အမှတ်(၁၂၄)မိုင် အနီး၌ (၁၂) ဘီးယာဉ်(၃) စီးအား သတင်းရရှိ၍ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Beer Chang (330ml)(1×24 Can) (5250) Pkgs ၊ Cheers Beer (330ml) (1×24Can) (450) Pkgs နှင့် သယ်ဆောင်သည့်ယာဉ်(၃) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၁၉) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၆၇.၁၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၄-၄-၂၀၁၇ ရက်နေ့တွင် မော်လမြိုင်မြို့ နှင့် ရေးမြို့တို့မှ ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် အမှတ် (၃၆) နှင့် အမှတ် (၁၇၆) အစုန်ရထားတို့အား အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ အထူးကင်းအဖွဲ့က ရန်ကုန်ဘူတာကြီး၌ ရှောင်တခင် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၆၃.၅၁၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဧပြီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | | ၄ မှု | ၄ မှု | ၉၅.၈၄၂ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | | ၁၉ မှု | ၁၉ မှု | ၃၃.၇၂၄၅ သန်း |
| | စုစုပေါင်း | | ၂၃ မှု | ၂၃ မှု | ၁၂၉.၅၆၆၅ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၀-၄-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ နှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၂၃) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၁၂၉.၅၆၆၅) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန်မသင့်သောစားသောက်ကုန်များအား ဖျက်ဆီးခြင်း





မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ သိမ်းဆည်းမိနို့ထုတ်ပြန်ပြီးသည့် အများပြည်သူ စားသုံးရန်မသင့်သော အေးခဲကြက်သားနှင့်အေးခဲကြက်ကလီစာ (150) kg ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁.၂) သန်းခန့်အား(၁၂-၄-၂၀၁၇) ရက်နေ့ နံနက် (၁၁:၀၀) နာရီအချိန်တွင် ဖျက်ဆီးရေးအဖွဲ့ဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ရုံးဝင်းအတွင်း စနစ်တကျဖျက်ဆီးခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက်ပစ္စည်းများအား လေလံတင်ရောင်းချခြင်း




မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲ အဆင့်ရောက် ပစ္စည်းများအား (၂၄-၄-၂၀၁၇) ရက်နေ့ (၁၅:၀၀) နာရီ အချိန်တွင် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသိန်းဆွေ မှ ဥက္ကဋ္ဌ အဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၂) စု အား လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၄.၈၅) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



Sushi Making Machine များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 8543.70.90 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




LED Signboard များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အား မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 9405.60.90 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Mobile Crane ကားများ တင်သွင်း လိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8705.10.00 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။






လယ်ထွန်စက်များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ လယ်ထွန်စက် (လယ်ယာသုံး) ၏ HS Code မှာ 8701.90.10 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ၊ ကြိုတင်ဝင်ငွေခွန် 2% နှင့် လယ်ထွန်စက် (အခြား) ၏ HS Code မှာ 8701.90.90 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Injection Pipe (Butter Fly) များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို မေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။







Tailor Chalk များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 9609.90.99 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Stainless Steel Plug များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 7318.29.00 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။



Packing Machine များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 8422.40.00 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။